Livelihoods and Food Security Fund

UNIVERSITY OF SUSSEX

Metta Development Foundation

IOM • OIM

# ကျား၊ မဖြစ်တည်မှု
# နှင့်
# ရွှေ့ပြောင်းသွားလာခြင်း

CHIME သုတေသန စီမံကိန်းမှ တွေ့ရှိရသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်စဉ်၊ ပုံစံ နှင့် သက်ရောက်မှုများ



မိတ္ထီလာ၊ မန္တလေးတိုင်းဒေသကြီး။ © ကိုဦး ၂၀၁၇

## အဓိကအချက်များ

- ရွှေ့ပြောင်းသွားလာခြင်းတွင် အမျိုးသမီးများသည် အမျိုးသားများ ထက် တည်ငြိမ်သော အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိ ကြသည်။
- တူညီသည့်အလုပ်ကို လုပ်ကိုင်စေကာမူ ယဉ်ကျေးမှုအရ ကျား၊ မ ဖြစ် တည်မှုအပေါ်မူတည်၍ လုပ်အားခ ခွဲခြားသတ်မှတ်မှုရှိသည်။ ဖြေကြားသူ အမျိုးသမီးအချို့က သူတို့သည် မူရင်းနိုင်ငံတွင်ဖြစ်စေ၊ ဆိုက်ရောက်နိုင်ငံများတွင်ဖြစ်စေ အမျိုးသားများရရှိသည့် လုပ်အားခ ထက် ပိုနည်းသည့် လုပ်အားခကိုသာ ရရှိကြောင်းဖော်ပြ သည်။
- ရွှေ့ပြောင်းရန် ဆုံးဖြတ်မှုတွင် မိမိသွားရောက်လိုသည့် ဆိုက်ရောက်ဒေသ၌ မိသားစု ဆွေမျိုးများရှိနေခြင်းသည် အမျိုးသမီးများအတွက် အရေးကြီးသည်။
- အမျိုးသမီးများသည် အမျိုးသားများနှင့် နှိုင်းယှဉ်လျှင် နည်းပါးသော လွှဲပို့ငွေပမာဏကို ပြန်လည်ပေးပို့ကြစေကာမူ၊ အမျိုးသမီးများ အနေဖြင့် အမျိုးသားများထက် လွှဲငွေပြန်ပို့နိုင်ချေ နည်းပါးသည်ဟုဖော်ပြရန် အထောက်အထား ရှားပါးသည်။
- အိမ်ထောင်စုများအကြား ကျား၊ မဖြစ်တည်မှုဆိုင်ရာ စံနှုန်းသတ်မှတ် ချက်များသည် ရွှေ့ပြောင်းထွက်ခွာခြင်းအပေါ်မူတည်၍ ပြောင်းလဲမှုများ ရှိလာနိုင်သလို၊ လူမှုအသိုင်းအဝန်းအတွင်း ပြောင်းလဲမှုများလည်း ရှိလာနိုင်သည်။

### CHIME သုတေသန စီမံကိန်း

ဤစာတမ်းအကျဉ်းချုပ်မှာ "မြန်မာနိုင်ငံအတွင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေး နှင့် အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားရွှေ့ပြောင်း သွားလာမှုကို မြှင့်တင်ခြင်း" (CHIME) စီမံကိန်း ၏ တစ်စိတ်တဒေသအဖြစ် လုပ်ဆောင်သည့် သုတေသနဆောင်ရွက်ချက်များအပေါ်တွင် အခြေခံထား ခြင်းဖြစ်သည်။

ဤစီမံကိန်းကို အိုင်အိုအမ် (IOM)၊ University of Sussex၊ မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း နှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြန်မာနိုင်ငံအစိုးရတို့က ပူးပေါင်းအကောင်အထည်ဖော်ပါသည်။

ဤသုတေသနစာတမ်းကို အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ (LIFT) ၏ ငွေကြေးထောက်ပံ့မှုဖြင့် ပြုစုထားပါသည်။

သုတေသနလုပ်ငန်းများကို တိုင်းနှင့် ပြည်နယ် ၄ ခုဖြစ်သည့် ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၀၁၇ ခုနှစ် နွေဦးကာလ နှင့် နွေရာသီအတွင်းက ဆောင်ရွက်ခဲ့ပါသည်။ သုတေသနပြုရာတွင် အိမ်ထောင်စုဆိုင်ရာ စစ်တမ်းကောက်ယူချက်များပြုလုပ်ခြင်း၊ အရည်အသွေးကောက်ယူခြင်းဆိုင်ရာ လူတွေ့မေးမြန်းခြင်း နှင့် ရပ်ရွာ လူထုဆွေးနွေးပွဲများပြုလုပ်ခြင်းစသည့် ကွဲပြားသောနည်းလမ်းများကို အသုံးပြုပြီး၊ ရွှေ့ပြောင်းသွားလာမှု၊ ဆင်းရဲမွဲတေမှု နှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အကြား ဆက်နွယ်ပတ်သက်မှုများကို CHIME အနေဖြင့် လေ့လာစူးစမ်းခဲ့ပါသည်။

မန္တလေးနှင့် ဧရာဝတီတိုင်းတို့အတွက် စုစုပေါင်းဒေသဆိုင်ရာ ကိုယ်စား ပြုနမူနာ (ကျေးလက်အိမ်ထောင်စုပေါင်း ၃,၁၁၆ ခု) ကို ရယူနိုင်ခဲ့ပါသည်။ သို့ရာတွင် ရှမ်း နှင့် ရခိုင်ပြည်နယ်အတွက်မူ သုတေသနကောက်ကွက် နမူနာ ကျေးရွာများသို့ ဝင်ရောက်ခွင့် ပမာဏကွဲပြားခြားနားပြီး ပြောင်းလဲနေခြင်းကြောင့် ရယူနိုင်ခြင်းမရှိပါ။

## နောက်ခံအခြေအနေ

ယနေ့အချိန်အခါတွင် အမျိုးသမီးများမှာ ကမ္ဘာပေါ်ရှိ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများအရေအတွက်၏ ထက်ဝက်ရှိပါ သည်။[1] အမျိုးသမီးများမှာ အမျိုးသားများထံ မှီခိုသူများအဖြစ် ရွှေ့ပြောင်းခြင်းသာမကဘဲ စီးပွားရေးကိစ္စရပ်များအတွက် လွတ် လပ်စွာ ရွှေ့ပြောင်းထွက်ခွာကြကြောင်း ကမ္ဘာလုံးဆိုင်ရာ အလုပ် သမားရွှေ့ပြောင်းမှု ဖြစ်စဉ်များက ဖော်ပြသည်။ ရွှေ့ပြောင်းသွား လာမှုဆိုင်ရာ ဆုံးဖြတ်ချက်များ နှင့် နည်းဗျူဟာများမှာ အမျိုးသားများနှင့် အမျိုးသမီးများအကြား ကွဲပြားမှုရှိသည်။ ရွှေ့ပြောင်းသွားလာမှုသည် အမျိုးသားများ နှင့် အမျိုးသမီးများ အကြား နည်းလမ်းများစွာ သက်ရောက်မှုရှိသည်။ ဥပမာအား ဖြင့် သူတို့သည် ရွှေ့ပြောင်းသွားလာသူများ ဟုတ်မဟုတ် ဆို သည့် အချက်ဖြစ်သည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် ကွဲပြားစွာ အလုပ်ကဏ္ဍမျိုးစုံတွင် လုပ်ကိုင်ကြသည်။ အထူးသ ဖြင့် အလုပ်အကိုင်လုံခြုံမှု၊ အလုပ်အဆင့်အတန်းမျိုးစုံနှင့် လုပ် အားခမျိုးစုံအတွက် လုပ်ကိုင်ကြပြီး၊ ကွဲပြားခြားနားသော ငွေလွှဲ မှုပုံစံများကို အသုံးပြုကြသည်။[2] ဤခြားနားချက်များမှနေ၍ ကျား၊ မ ကွဲပြားမှု အကြောင်းတရားများက မည်သူများ ရွှေ့ပြောင်း ထွက်ခွာသည်၊ မည်သည့်နေရာသို့ ရွှေ့ပြောင်းသည်၊ မည်သည့်အချိန်တွင် ရွှေ့ပြောင်းသည်၊ မည်သို့မည်ပုံရွှေ့ပြောင်း သည်တို့အား ဖြစ်ပေါ်စေကြောင်း နှင့် အမျိုးသမီးနှင့် အမျိုးသား များ၏ ရွှေ့ပြောင်းထွက်ခွာခြင်းအပေါ် မည်သို့သက်ရောက်စေ နိုင်ကြောင်း စဉ်းစားဆင်ခြင်နိုင်စေသည်။

ဤစာတမ်းအကျဉ်းချုပ်တွင် မြန်မာနိုင်ငံရှိ ဒေသလေးခုမှ ကျား၊ မ ဆိုင်ရာဖြစ် တည်မှုနှင့် ရွှေ့ပြောင်းထွက်ခွာခြင်း နှင့် ပတ်သက် ၍ CHIME မှ လေ့လာတွေ့ရှိချက်များကိုတင်ပြပြီး၊ အမျိုးသားနှင့် အမျိုးသမီးတို့အကြား ရွှေ့ပြောင်းသွားလာမှုပုံစံ တူညီမှုနှင့် မတူညီမှုများကို ဖော်ပြပါသည်။ ထို့နောက် ရွှေ့ပြောင်းသွားလာ မှုကို တွန်းပို့ပေးသော အကြောင်းတရားနှင့် နည်းလမ်းများ၊ လွှဲငွေ ပမာဏနှင့် အဖြစ်အပျက်များ၊ ရွှေ့ပြောင်းထွက်ခွာမှုအပေါ် ကျား၊ မ အခန်းကဏ္ဍ၏ သက်ရောက်မှုများကို ဆက်လက်ဖော်ပြ သည်။ နောက်ဆုံးတွင် ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်အတွက် အကြံပြုချက်များကို ဖော်ပြပါသည်။

## ရွှေ့ပြောင်းသွားလာခြင်း၏ ကျားမဖြစ်တည်မှုပုံစံများ

CHIME သုတေသန စီမံကိန်း၏ တွေ့ရှိချက်အရ ရွှေ့ပြောင်းသွားလာသူများ၏ ၄၀% ခန့်မှာ အမျိုးသမီးများ ဖြစ်ကြသည်။ ကျားမ အရေအတွက်ကွဲပြားမှုမှာ ဒေသအလိုက်ကွာခြားသည်။ မန္တလေး နှင့် ရခိုင်ပြည်နယ်တွင် လူငယ်အမျိုးသားဖြစ်ခြင်း နှင့် ရွှေ့ပြောင်း ထွက်ခွာရန် ဆုံးဖြတ်ချက်ချခြင်းတို့မှာ အထူးဆက်နွယ်လျက်ရှိ သည်။ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် အမျိုးသမီး ရွှေ့ ပြောင်းထွက်ခွာသူများမှာ အမျိုးသားများထက် ပိုမိုများပြားသည်။

အမျိုးသမီးများမှာ ပြည်တွင်းရွှေ့ပြောင်းထွက်ခွာမှုတွင် အရေအတွက်များပြားပြီး ၊ ပြည်ပရွှေ့ပြောင်း ထွက်ခွာမှုတွင် အရေအတွက် လျော့နည်းသည်။ လေ့လာမှုတွင် ပါဝင်သော ရွှေ့ပြောင်းထွက်ခွာသူ ၁,၁၅၅ ဦးအနက် ၄၀% ခန့်မှာ အမျိုးသမီးများ ဖြစ်ကြသည်။ ပြည် တွင်းရွှေ့ပြောင်း ထွက်ခွာသူများအနက် ၄၈% မှာ အမျိုးသမီးများ ဖြစ်ကြပြီး ၅၂% မှာ အမျိုးသားများ ဖြစ်ကြသည်။ ပြည်ပရွှေ့ပြောင်း ထွက်ခွာသူများအနက် ၂၁% မှာ အမျိုးသမီးများ ဖြစ်ကြပြီး ၇၉% မှာ အမျိုးသားများ ဖြစ်ကြသည်။ ပြည်ပသို့ ရွှေ့ပြောင်းသွားလာကြသည့် အမျိုးသမီးများ၏ ရာခိုင်နှုန်းနည်းပါးခြင်းသည် မြန်မာတစ်နိုင်လုံးအတိုင်းအတာကောက်ခံထားသော ဒေတာအချက်အလက် (UNDESA 2017) နှင့် ကွဲပြားခြားနားမှုရှိနိုင်ပြီး အကြောင်းအရင်းမှာ CHIME ၏ သတ်မှတ်ထားသော စီမံကိန်းဒေသများတွင် အရှေ့တောင်ပိုင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ပြည်ပသို့ ရွှေ့ပြောင်းသွားလာကြသည့် မြင့်မားသောလူဦးရေ အရေအတွက် မပါဝင်ခြင်းကြောင့်ဖြစ်သည်။

အမျိုးသားနှင့် အမျိုးသမီး ရွှေ့ပြောင်းထွက်ခွာသူများသည် အလုပ်အကိုင်ကဏ္ဍမျိုးစုံတွင် အလုပ်လုပ်ပြီး ကဏ္ဍအမျိုးအစားများသည်လည်း ထွက်ခွာမည့်နိုင်ငံများအားဖြင့် ကွဲပြားနိုင်သည်။ ကုန်ထုတ်လုပ်ငန်းများမှာ ပြည်ပထွက်ခွာသူ အမျိုးသားများအတွက် တတိယအလုပ်လုပ်ကြဆုံး အလုပ်အကိုင်ဖြစ်သည်။ သို့သော် ဤအလုပ်မှာ ပြည်တွင်း ရွှေ့ပြောင်းထွက်ခွာသူများအတွက် အရေးပါသည့် အလုပ်ကဏ္ဍတစ်ရပ် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် မြန်မာ နိုင်ငံအတွင်း လောလောဆယ် ရရှိနိုင်သော ကုန်ထုတ်လုပ်ငန်းများ (ဥပမာ - အထည်ချုပ်လုပ်ငန်း) တွင် အမျိုးသမီးများသာ လုပ်ကိုင် ကြသောကြောင့် ဖြစ်သည်။ ရွှေ့ပြောင်းထွက်ခွာသူ အမျိုးသားများမှာ ဆောက်





ညောင်ဦး၊ မန္တလေးတိုင်းဒေသကြီး (ဝဲ) နှင့် ဟိုပုံး၊ ရှမ်းပြည်နယ် (ယာ)။ © ကိုဦး ၂၀၁၇

[1] https://migrationdataportal.org/themes/gender
[2] https://publications.iom.int/system/files/pdf/iom_and_remittances.pdf

လုပ်ရေး၊ စိုက်ပျိုးရေး၊ သစ်တော၊ ငါးဖမ်းလုပ်ငန်း စသည့် ကာယလုပ်ငန်းများတွင် လုပ်ကိုင်ကြသည်။ ပြည်ပရွှေ့ပြောင်းထွက်ခွာသည့် ရခိုင်အမျိုးသားများ လုပ်ကိုင်ကြသည့် အလုပ် ထဲတွင် ဆောက်လုပ်ရေး (၂၃%) နှင့် နေရာထိုင်ခင်းလုပ်ငန်း (၁၉%)ကို အဓိကတွေ့ရသည်။ ပြည်တွင်းရွှေ့ပြောင်းထွက်ခွာ သည့် ရခိုင်အမျိုးသားများမှာ တူးဖော်ရေးနှင့် ကျောက်ထုတ်လုပ်ငန်း(၂၄%)တွင် လုပ်ကိုင်ကြကြောင်း တွေ့ရသည်။ အမျိုးသမီး ရွှေ့ပြောင်းသွားလာသူများမှာ ပြည်တွင်း ပြည်ပ နှစ်မျိုးစလုံးတွင် ဝန်ဆောင်မှုနှင့် ကုန်ထုတ်လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ကြသည်ကို တွေ့ရသည်။

ရန်ကုန်မြို့ရှိ စက်မှုဇုန်များသည် အမျိုးသမီးများအတွက် ဆွဲဆောင်မှုရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးသည်ကို တွေ့ရသည်။ ငယ်ရွယ်သူ အမျိုးသမီးများ အရေအတွက်မှာ ကြီးထွားလာပြီး မူလလယ်ယာလုပ်ငန်းလုပ်ကိုင်သည့် အစဉ်အလာကို စွန့်လွှတ်ကာ လယ်ယာမဟုတ်သော အလုပ်အကိုင်များဆီသို့ လျှောက်လှမ်းလာကြကြောင်း၊ မူလလုပ်ငန်းများကိုမူ အသက်ကြီးသူ အမျိုးသမီးများနှင့် ချန်ထားခဲ့ကြကြောင်း CHIME အချက်အလက်များက ဖော်ပြသည်။ အထူးသဖြင့် ဧရာဝတီတိုင်းမှ အမျိုးသမီးငယ် အများစုသည် ရန်ကုန်ရှိ အထည်ချုပ်စက်ရုံနှင့် အထည်အလိပ်လုပ်ငန်းများတွင် လာရောက်လုပ်ကိုင်ကြသည်။ ထိုအလုပ်များမှာ မိသားစုအတွက် ဂုဏ်သိက္ခာရှိပြီး စိတ်ချရသော အလုပ်ဖြစ်သည်ဟု သူတို့က ယူဆကြသည်။ မြို့ကြီးများတွင် အလုပ်အကိုင်ရရှိကြ သည့် အမျိုးသမီး ကြီးငယ်များသည် ကျေးရွာများရှိ သူတို့၏ ညီအစ်မများ သို့မဟုတ် သက်တူရွယ်တူ အမျိုးသမီးများကို သူတို့ လုပ်ကိုင်လျက်ရှိသည့် စက်ရုံများတွင် အလုပ်သွင်းပေးလေ့ရှိကြ သည်။ ဤသို့ဖြင့် ၎င်းတို့၏ လူမှုရေးကွန်ယက်များမှတစ်ဆင့် ကျေးရွာမှ မြို့ပြသို့ ရွှေ့ပြောင်းထွက်ခွာလာသည့် ငယ်ရွယ်သူအမျိုးသမီးများ တိုးပွားလာသည်။

မေးခွန်းဖြေဆိုသည့် အချို့သောအမျိုးသမီးများက သူတို့သည် အမျိုးသားများထက် နည်းပါးသည့် လုပ်အားခကို ရရှိကြောင်း ဖော်ပြကြသည်။ ပုံမှန်မဟုတ်သော ဝင်ငွေရရှိသည့် ရွှေ့ပြောင်းသွားလာသူများတွင်အများစုမှာ အမျိုးသားများ ဖြစ်ကြ သည် (၈၁% ဖြစ်သည်)။

ကမ္ဘာတစ်လွှားရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကျေးလက်အလုပ်အကိုင်များ နှင့် အ လားတူစွာပင်၊ အမျိုးသမီးများမှာ အမျိုးသားများထက် နည်းပါးသည့် လုပ်အားခကို ရရှိကြောင်း မေးခွန်း ဖြေဆိုသူ အမျိုးသမီးအချို့က ဖော်ပြသည်။ ဤအချက်အလက်များ အရ မြန်မာနိုင်ငံသည် အခြားသော နေရာများနှင့် အလားတူစွာပင် တူညီသောအလုပ် အကိုင်အတွက် လုပ်အားခပေးရာတွင် ယဉ်ကျေး မှုအရ ကျား၊ မ ခွဲခြားခြင်းရှိနေကြောင်း မှတ်သားရသည်။ ဤသို့ ဖြစ်ရသည်မှာ အမျိုးသမီးများ၊ မိန်းကလေးများသည် ဤမျှသာ လုပ် နိုင်သည်ဟူသော လူမှုအစဉ်အလာအရ ရေးရိုးစွဲလက်ခံထားချက် များအပေါ်တွင် အခြေခံထားသည့်အတွက် ဖြစ်သည်။ "အမျိုးသမီး များဆောင်ရွက်ရန်အလုပ်" ဆိုသည်ကို အလုပ်ရှင်များ (များသော အားဖြင့် အမျိုးသား များ)က ပေါ့ပါးသည့် အလုပ်ဟု သမားရိုးကျ သတ်မှတ်ထားပြီး ပိုမိုနည်းပါးသော လုပ်အားခပေးရမည်ဟု ယူဆ ကြသည်။ ထို့အတွက် တူညီသော အလုပ် သို့မဟုတ် ပိုလုပ်ရ သော အလုပ်၊ ကာယအား စိုက်ရပြီး ကျွမ်းကျင်မှုဖြင့် ဆောင်ရွက်ရသော အလုပ် ဖြစ်စေကာမူ ပိုနည်းသည့် လုပ်အားခကိုသာ ပေးလေ့ရှိသည်။ ဤသို့သော မညီမျှမှုများကို အလုပ်သမားများ မူလနေထိုင်ရာ အရပ်နှင့် ရွှေ့ပြောင်းထွက်ခွာရာ အရပ်ရှိ အလုပ်ဈေးကွက်များတွင် တွေ့ရသည်။

ရွှေ့ပြောင်းထွက်ခွာသူများမှာ အသက်နှစ်ဆယ်ကျော်များဖြစ်ကြပြီး၊ မိဘများကို ထားရစ်ခဲ့ကာ၊ မိသားစုတစ်ခုထူထောင်ရန် ဖြစ်နိုင်ခြေ နည်းပါးကြောင်း ဖော်ပြကြသည်။ ရွှေ့ပြောင်းထွက်ခွာသူများမှာ သေးငယ်သော အိမ်ထောင်စုများမှ ဖြစ်ကြပြီး၊ မှီခိုသူကလေးငယ် အချိုးအစား နည်းပါးကာ၊ မှီခိုသူ သက်ကြီးရွယ်အို အချိုးမှာ မြင့်မားသည်ကို တွေ့ရသည်။ ထိုသို့ ထွက်ခွာသူများမှာ အိမ်ထောင်ဦးစီးများ မဟုတ် ကြဘဲ ၊ အိမ်ထောင်ဦးစီး၏ သားသမီးများ၊ သို့မဟုတ်၊ အသက် ငယ်ရွယ်သူ ဆွေမျိုးသားချင်းများ (ဥပမာ - မြေးများ) ဖြစ်ကြသည်။ ဤသို့သော အခြေအနေကို လေ့လာသုတေသနပြုသည့် ဧရိယာ တိုင်းတွင် တွေ့ရသည်။



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်တွင် CHIME အင်တာဗျူးမေးမြန်းနေခြင်း © ကိုဦး ၂၀၁၇

## တွန်းပို့မှု အကြောင်းတရား နှင့် နည်းလမ်းများ

အမျိုးသားနှင့် အမျိုးသမီး နှစ်မျိုးစလုံးကို ရွှေ့ပြောင်းထွက်ခွာစေရန် အဓိက တွန်းပို့ပေးသော အကြောင်းတရားမှာ အလုပ်အကိုင် ဖြစ်သည်။ ပညာရေးနှင့် မိသားစု အကြောင်းပြချက်များသည်လည်း ယေဘုယျ အကြောင်းတရားများ ဖြစ်ကြသည်။ လက်ထပ်မှုမှ တစ်ဆင့် မိသားစုဝင်အဖြစ် ပြောင်းရွှေ့ခြင်း သမားရိုးကျ အကြောင်းတရားများ ဖြစ်ကြသည်။ ဤပြောင်းရွှေ့မှုမျိုးအတွက် အမျိုးသမီးနှင့် အမျိုးသား ရွှေ့ပြောင်းထွက်ခွာသူများ အကြားတွင် အရေအတွက်တူညီသည်။ ဤသို့သော 'ရွှေ့ပြောင်းမှု ကွင်းဆက်' ကို ရွှေ့ပြောင်း ထွက်ခွာသူများအကြား ဘေးကင်းစွာ ရွှေ့ပြောင်းထွက်ခွာနိုင်မှု အဖြစ် အသုံးပြုကြသည်။ CHIME သုတေသန အနေဖြင့် ပြည်တွင်း ရွှေ့ပြောင်းထွက်ခွာမှုများတွင် ယေဘုယျ တွေ့ရလေ့ရှိသည်။

ရွှေ့ပြောင်းထွက်ခွာသူတိုင်းသည် ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်ချသူများ မဟုတ်ပေ။ အမျိုးသမီး ရွှေ့ပြောင်းထွက်ခွာသူများ၏ ရွှေ့ပြောင်းရန် ဆုံးဖြတ်မှုသည် မိသားစုနှင့် ဆွေမျိုးသားချင်းတို့အပေါ်တွင် တည်မှီတတ်သည်။ သို့ရာတွင် ရွှေ့ပြောင်းသွားလာသူ အမျိုးသားများသည် မိတ်ဆွေသူငယ်ချင်းများထံမှ သတင်းအချက် အလက်များကို ရယူလေ့ရှိကြသည်။ မိဘများအနေဖြင့် ၎င်းတို့၏ သမီးမိန်းကလေးများ နှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်တတ်သည်။ အကြောင်းမှာ အမျိုးသမီးရွှေ့ပြောင်းထွက်ခွာသူများ သည် အကာအကွယ် ပိုမိုလိုအပ်ပြီး အရေးကြီး အကြောင်းကိစ္စများ နှင့် ပတ်သက်၍ မိမိကိုယ်တိုင် ဆုံးဖြတ်ချက် မချမှတ်နိုင်သူများ ဖြစ်သည်ဟု လူမှုရေးစံနှုန်းများအရ နားလည် ခံထားရသောကြောင့် ဖြစ်သည်။ အထူးသဖြင့် သမီးမိန်းကလေး များ နှင့် ပတ်သက်၍ မိခင်ဖြစ်သူများ ပါဝင်တတ်ကြပြီး၊ သား ယောကျ်ားများ ရွှေ့ပြောင်း ထွက်ခွာမှုအတွက် ဖခင်များ ပါဝင်တတ်ကြောင်း CHIME မှ ရရှိသည့် အချက်အလက်များက ဖော်ပြသည်။

ထွက်ခွာရောက်ရှိမည့်နေရာတွင် မိသားစု ဆွေးမျိုးများ ရှိနေခြင်းသည် ပြည်တွင်း ရွှေ့ပြောင်း ထွက်ခွာသူများ နှင့် အမျိုးသမီးများအတွက် အရေးကြီးသည်။ အမျိုးသမီးနှင့် အမျိုးသား ရွှေ့ပြောင်း ထွက်ခွာသူ နှစ်မျိုးစလုံးသည် ထွက်ခွာရောက်ရှိမည့် နေရာ၏ လုံခြုံစိတ်ချရမှုကို အလေးပေးကြသည်၊ ဥပမာ တစ်စုံတဦး၏ အကူအညီဖြင့် နေထိုင်ရန် နေရာရရှိရေးကို အရေးကြီးကိစ္စအဖြစ် စဉ်းစားကြသည်။ ရွှေ့ပြောင်းထွက်ခွာမှုကို စီစဉ်ပေးနိုင်သည့် ပွဲစားများအားသိရှိခြင်းသည် ပြည်ပရွှေ့ပြောင်းထွက်ခွာသူများအတွက် ပို၍အရေးကြီးပြီး၊ အမျိုးသား ရွှေ့ပြောင်းထွက်ခွာသူများအတွက် အရေးအကြီးဆုံး အချက်ဖြစ်သည်။ ပြည်ပထွက်ခွာသူများ တွင် အမျိုးသားများသည် ပွဲစားကို ပိုမိုအသုံးပြုကြောင်း တွေ့ရ သည် (အမျိုးသမီး ၂၈% နှင့် နှိုင်းယှဉ်ပါက အမျိုးသား ၄၃% ဖြစ် သည်ကို တွေ့ရသည်)။ အမျိုးသမီး ရွှေ့ပြောင်းထွက်ခွာသူများ သည် သူတို့နေရပ်ရှိ မိသားစု ဆွေမျိုးများကို သတင်းအချက် အလက် ရင်းမြစ်အဖြစ်အဖြစ် အသုံးပြုကြသည် (အမျိုးသမီး ပြည်ပ ရွှေ့ပြောင်းထွက်ခွာသူ ၃၁%၊ အမျိုးသား ပြည်ပထွက်ခွာသူ ၂၂%။ အမျိုးသမီး ပြည်တွင်းထွက်ခွာသူ ၄၆%၊ အမျိုးသား ပြည်တွင်း ထွက်ခွာသူ ၃၉% ဖြစ်သည်)။

## လွှဲပို့ငွေများ

ခြုံငုံဖော်ပြရလျှင် လွှဲငွေပေးပို့မှုမှာ ပြည်တွင်းရွှေ့ပြောင်းသွားလာသူများထက် ပြည်ပရွှေ့ပြောင်းသွားလာသူများအကြားတွင် ပိုမို များပြားသည်။[၃] စီးပွားရေးအရ ရှင်သန်နေသော ရွှေ့ပြောင်းသွား လာသူများကို စစ်တမ်းကောက်ယူချက်အရ ပြည်ပရွှေ့ပြောင်း သွားလာသူ ၆၉% နှင့် ပြည်တွင်း ထွက်ခွာသူ ၆၆% တို့က လွန်ခဲ့သည့် ၁၂ လ အတွင်း နေအိမ်သို့ လွှဲငွေပြန်ပို့ ကြောင်း သိရသည်။ ရွှေ့ပြောင်းလုပ်သား အမျိုးသား ၈၃% နှင့် အမျိုးသမီး ၇၇% တို့က လွှဲငွေပြန်ပို့ခြင်း ဖြစ်သည်။

အမျိုးသမီးများသည် အမျိုးသားများထက် လွှဲငွေပြန်ပို့မှု နည်းပါး သည်ဟု ယူဆရန် အထောက်အထား နည်းပါးသည်။ အများဆုံး လွှဲငွေပေးပို့မှု ဖြစ်စဉ်သည် အမျိုးသမီးများထက် အမျိုးသားများ တွင် ပိုမိုမြင့်မားသော်လည်း ရွှေ့ပြောင်းထွက်ခွာသူ အမျိုးအစား အမျိုးမျိုးအပေါ် လေ့လာဆန်းစစ်ချက်များအရ ကျား၊ မ ဖြစ် တည်မှုတစ်ခုသည် အခြား ကျားမဖြစ်တည်မှု တစ်ခုထက် လွှဲငွေ ပိုမိုပေးပို့နိုင်ခြင်း မရှိကြောင်း တွေ့ရှိရသည်။ တကယ်တမ်းတွင် မွန်လေးတိုင်းနှင့် ရခိုင်ပြည်နယ်အတွက်ရရှိသည့် အချက်အလက်များအရ အမျိုးသမီး ရွှေ့ပြောင်းထွက်ခွာသူများသည် အမျိုးသားများထက် လွှဲငွေပေးပို့မှု ဖြစ်စဉ် ပိုမို မြင့်မားသည်ကို တွေ့ရသည်။ အုပ်စုလိုက်အနေဖြင့် ရခိုင်အမျိုးသား ရွှေ့ပြောင်း ထွက်ခွာသူများ၏ လွှဲငွေပေးပို့မှုမှာ နိမ့်ကျပြီး (၃၂%) ယေဘုယျ လွှဲငွေပေးပို့မှု (၆၆%) ၏ တစ်ဝက်မျှပင် မရှိသည်ကို တွေ့ရ သည်။

အမျိုးသမီးများနှင့် အမျိုးသားများအကြား လွှဲငွေပေးပို့မှုဖြစ်စဉ် နှုန်းထားများ တူညီနေရခြင်းမှာ အံ့သြစရာတော့ မဟုတ်ပေ။ အချက်အလက်များအရ အမျိုးသားများ နှင့် အမျိုးသမီးများ ရွှေ့ပြောင်း ထွက်ခွာရခြင်းမှာ အလုပ်ရှာဖွေရန် နှင့် ပိုမိုကောင်းမွန် သည့် အလုပ်အကိုင်ရရှိရန် တွန်းအားပေးခံရကြောင့် ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အမျိုးသမီး ရွှေ့ပြောင်းထွက်ခွာသူ အချို့ အစားအများစုမှာ အိမ်ထောင်စုတစ်ခုချင်းစီ၏ တစ်ဦးတည်း သော သမီးမိန်းကလေးများဖြစ်နေကြောင်း တွေ့ရှိရသည်။ သို့ ရာတွင် အမျိုးသမီး ရွှေ့ပြောင်းထွက်ခွာသူများမှာ အမျိုးသားများ နှင့် နှိုင်းယှဉ်ပါက ယေဘုယျအားဖြင့် နည်းပါးသည့် လွှဲငွေပမာဏ ကိုသာ ပေးပို့ကြကြောင်း တွေ့ရှိရသည်။ သို့ရာတွင် အမျိုးသမီး များအနေဖြင့် အမျိုးသားများနှင့် တူညီသော ပမာဏ သို့မဟုတ် ပိုမိုများပြားသည့် ပမာဏကို ပေးပို့ကြသည်ကို ခြွင်းချက်အနေ ဖြင့် တွေ့ရသည်။

ပြည်ပရွှေ့ပြောင်းထွက်ခွာသူများသည် တူညီသောနေရာမှ ပြည်တွင်း ရွှေ့ပြောင်းထွက်ခွာသူများနှင့် တူညီသော ကျား၊ မ ဖြစ် တည်မှုအလိုက် နှိုင်းယှဉ်ပါက လွှဲငွေပိုမိုပေးပို့နိုင်သည်။ ရခိုင် ပြည်နယ်မှ ရွှေ့ပြောင်းထွက်ခွာသူ အမျိုးသားများ အတွက်မူ ခြွင်း ချက်အနေဖြင့် တွေ့ရသည်။ သူတို့၏ ပျမ်းမျှ လွှဲငွေပေးပို့မှု ပမာဏမှာ ပြည်ပ နှင့် ပြည်တွင်း ရွှေ့ပြောင်းထွက်ခွာသူများ အ ကြားတွင် အတူတူပင်ဖြစ်သည်။ ဆန့်ကျင်ဖက် အနေဖြင့် ရခိုင်ပြည်နယ်မှ အမျိုးသမီးများအနေဖြင့် ပြည်ပရွှေ့ပြောင်းသွား လာသူများ ဖြစ်လာကြသောအခါတွင် ၎င်းတို့၏ ပျမ်းမျှလွှဲငွေ ပေးပို့မှု ပမာဏမှာ မြင့်မားလာသည်ကို တွေ့ရသည်။ ဤသည် မှနေ၍ ရခိုင် အမျိုးသမီးများ အနေဖြင့် ပြည်ပထွက်ခွာရောက် ရှိရာ အရပ်များတွင် ပိုမိုအတည်တကျဖြစ်ပြီး လုပ်အားခ ပိုမိုရရှိ သည့် အလုပ်အကိုင်များ ရရှိကြသည်ဟု ယူဆနိုင်သည်။

[၃] ဤဖော်ပြချက်တွင် ရခိုင်အမျိုးသမီး ရွှေ့ပြောင်းထွက်ခွာသူများ မပါဝင်ပါ။

အသက်မွေးဝမ်းကျောင်းမှု နှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ (LIFT) မှ Mr. Benjamin Harkins နှင့် သက်နှင်းအေးတို့အား ဤအကျဉ်းချုပ် ဖော်ပြချက်များအပေါ် ဆန်းစစ်ချက်များ နှင့် မှတ်ချက်များပေးခဲ့သည့် အတွက် ကျေးဇူးတင်ရှိပါသည်။

အခြားတစ်ဖက်တွင် ရခိုင်အမျိုးသား များအနေဖြင့် လုပ်အားခ ပိုမိုရရှိသည့် ပြည်တွင်း အလုပ်အကိုင် နေရာများသို့ ရွှေ့ပြောင်း ထွက်ခွာကြသည်ဟု ယူဆနိုင်သည်။ သို့ရာ တွင် အန္တရာယ်များပြီး မရေရာသော အလုပ်အကိုင် အခြေအနေများ နှင့် လွှဲပို့ငွေမပို့ ဆောင် နိုင်သည့် အခြေအနေထိ ဖြစ်နိုင်သည်။

အမျိုးသမီးများမှာ နေအိမ်သို့ ငွေအစား ပစ္စည်းပစ္စယများ ပေးပို့နိုင် ချေ ပိုများသည်။[၉] ရွှေ့ပြောင်းထွက်ခွာသူ အမျိုးသမီးများ အနေဖြင့် တူညီသော ဒေသမှ ရွှေ့ပြောင်း အမျိုးသားများထက် ရောက်ရှိရာ နေရာဌာနအလိုက် နေအိမ်သို့ လွှဲငွေပမာဏ ပိုနည်းစွာ ပေးပို့ကြ စေကာမူ ၊ အမျိုးသမီးများ အနေဖြင့် (ငွေသားအစား) နေအိမ် လိုအပ် ချက်အတွက် ပစ္စည်းပစ္စယများ ပေးပို့လိုမှု ပိုများကြောင်း တွေ့ရ သည်။ သို့ဖြစ်၍ အမျိုးသမီးများ၏ လွှဲငွေပေးပို့မှု တစ်ခုတည်းကိုသာ ကြည့်ပြီး၊ ငွေပမာဏ နည်းပါးသည်ဟု ကောက်ချက်ချခြင်းမှာပြီး ပြည့်စုံခြင်း မရှိကြောင်း ဤအချက်က ထောက်ပြသည်။

## ကျားမအခန်းကဏ္ဍအပေါ် သက်ရောက်မှုများ

ကျားမဖြစ်တည်မှု စံနှုန်းများသည် ရွှေ့ပြောင်းထွက်ခွာခြင်းအပေါ် မူတည်၍ အပြောင်းအလဲ ဖြစ်နိုင်သည်။ လူမှုပတ်ဝန်းကျင်တွင်လည်း ကျယ်ပြန့်စွာ ပြောင်းလဲနိုင်သည်။ ရွှေ့ပြောင်းထွက်ခွာခြင်းမှ နေ၍ ကျား၊ မ အခန်းကဏ္ဍကို သို့မဟုတ် အလုပ်အကိုင်ခွဲဝေ နေရာပေးမှု နှင့် အိမ်ထောင်စုတွင်း ပစ္စည်းများနှင့် ပတ်သက်၍ ပြောင်းလဲဖြစ်ထွန်း စေသည်ဟု ပြောဆိုရန် ခဲယဉ်းသော်လည်း အမျိုးသမီးများအတွက် အခွင့်အလမ်းအသစ်များ ဖွင့်လှစ်ပေးသည်မှာ ရှင်းလင်းသေချာပါ သည်။ ရွှေ့ပြောင်းထွက်ခွာသူ ငယ်ရွယ်သူ အမျိုးသမီးများအတွက် အခွင့်အလမ်းများမှာ အလုပ်တစ်ခုတည်းနှင့် မသက်ဆိုင်ပေ။ မြို့ပြ များသို့ ပြောင်းရွှေ့ထွက်ခွာသည့် အမျိုးသမီးငယ်များမှာ စက်ရုံများ နှင့် ဝန်ဆောင်မှုလုပ်ငန်းများ တွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိသည်။ သို့ရာတွင် ၎င်းတို့အနေဖြင့် အန္တရာယ်များပြီး မရေရာ သော လုပ်ငန်းအခြေအနေများ အပေါ်တွင် သည်းခံရန် လိုအပ်သည်။ သို့စေကာမူ ရွှေ့ပြောင်းထွက်ခွာမှုမှနေ၍ အမျိုးသမီးငယ်များ အနေဖြင့် ပညာရေး၊ တစ်ကိုယ်ရည် ဖွံ့ဖြိုးတိုးတက်မှု၊ ဝတ်စား ဆင်ယင်မှု၊ နှင့် လူနေမှုပုံစံတို့အတွက် အခွင့်အလမ်းသစ်များကို တွေ့ ကြုံခံစား ရသည်။ တစ်ပြိုင်တည်းတွင် မိသားစုတွင်းရှိ ၎င်းတို့ ၏ လူမှုအဆင့် အတန်းသည်လည်း ပြောင်းလဲနိုင်သည်။ မိသားစုများ အနေဖြင့် ၎င်းတို့ သမီးမိန်းကလေးများ၏ ဖြစ်ထွန်းမှုများနှင့် ပုံမှန်ဝင်ငွေရရှိမှု များအပေါ် ဂုဏ်ယူကြသည်ကို ကျွန်ုပ်တို့၏ သုတေသနက တွေ့ရှိ ဖော်ပြသည်။

အမျိုးသားများ ပြောင်းရွှေ့ထွက်ခွာခြင်းကလည်း လူမှုရေးအ ပြောင်းအလဲကို ဖြစ်စေသည်။ ကျေးရွာများတွင် အသက်ကြီး အမျိုးသားများ ဆောင်ရွက်သည့် လုပ်ငန်းဆောင်တာများသည် ငယ်ရွယ်သူ ယောက်ျားလေးများအပေါ် ရွှေ့ပြောင်းလာမှုမျိုး တွေ့ရသည် ၊ ထို့ပြင် ဇနီးများနှင့် မိခင်များအပေါ် ရွှေ့ပြောင်း လာခြင်းမျိုးလည်း ရှိသည်။

ငါးဖမ်းသမား၏ ဇနီးဖြစ်ပြီး သားသမီး ခြောက်ယောက်ရှိသူ အသက် ၃၉ နှစ်ရှိ ရောဝတီတိုင်းသူ အမျိုးသမီးတစ်ဦးက ခင်ပွန်း ဖြစ်သူအနေဖြင့် သုံးလခန့်ကြာမြင့်သည့် ခရီးတစ်ကြိမ်ထွက်တိုင်း အိမ်ထောင်စု ငွေရေးကြေးရေးကို မည်သို့ ဖြေရှင်းရကြောင်း၊ တစ်ခါတရံတွင် အလုပ်သမားများကိုပေးရန် လက်ဝတ်ရတနာ များ ပေါင်နှံရကြောင်း ရှင်းပြသည်။ သူမဆောင်ရွက်ရသည့် တာဝန် ဝတ္တရားများကို ယခုကဲ့သို့ ဖော်ပြသည်။

> **အကုန်လုံး ကျွန်မလုပ်ရတာပေါ့။ ကျွန်မပဲ အားလုံး ကျွန်မဘာသာ ဆုံးဖြတ်ရတယ်။ သူပြန်ရောက်တော့မှ ကျွန်မ ဆုံးဖြတ်ချက်တွေ ပြန် ပြောပြလိုက်တယ်။ သူကလဲ ကျွန်မဆုံးဖြတ်တာတွေကို သဘောတူပါတယ်၊ ဘာလို့ လဲဆိုတော့ ကျွန်မက ဆုံးဖြတ်ချက် အမှားတွေ လုပ်တာ မှ မဟုတ်တာ ။ သူမရှိရင် ကျွန်မက အိမ်ထောင်ဦးစီးပဲ။ ကျွန်မ ငွေလိုရင် ကျွန်မကြိုက်သလောက် ငွေထုတ်လို့ ရတယ်။ သူက ခွင့်ပြုတယ်၊ ကျွန်မက မဖြုန်းတီးလို့လေ [...]**
>
> **[...] ကလေးတွေအတွက် လူမှုရေး ဖိတ်တာတွေက သူ့နာမည်နဲ့ လာတယ်။ ဒါပေမဲ့ သူ့ကိုယ်စား ကျွန်မပဲ သွားရတာပေါ့။ သူပြန်ရောက်ရင် လူမှုရေးတွေ ကျွန်မ ဘယ်လိုလုပ်ရတယ်ဆိုတာ ပြောပြရတယ်။ သူနဲ့ ကျွန်မ ကြားမှာ ပွင့်လင်းမြင်သာမှုရှိအောင် အမြဲနေပါတယ်။**



မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ။ © ကိုဦး ၂၀၁၇

[၉] ကံမကောင်းစွာပင် လွှဲငွေ အမျိုးအစား တန်ဖိုးကို ခန့်မှန်းရန်အတွက် နမူနာအရွယ်အစားမှာ အလွန်သေးငယ်ပါသည်။

အဆိုပါ အမျိုးသမီးအနေဖြင့် ကိုယ်ပိုင် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်း၊ ငွေကြေးကိစ္စများကို တာဝန်ယူဆောင်ရွက် နိုင်ခြင်း နှင့် လူမှုရေး ကိစ္စများတွင် အိမ်ထောင် ဦးစီးတစ်ယောက်၏ တာဝန်ကို ယူရခြင်း စသည့် လွတ်လပ်ခွင့် အတိုင်းအတာ တစ်ခု ရရှိကြောင်း တွေ့ရသည်။ ဤသို့သော ဖြစ်ရပ်မျိုးကို အခြားသော အခြေအနေများတွင်လည်း တွေ့ရသည်။ သို့ရာတွင် ဤသည်မှာ အမြဲတန်း အခြေအနေအဖြစ် ကျားမ ဖြစ်တည်မှု စံနှုန်းများ ပြောင်းလဲသွားခြင်း ဟု ပြောဆိုရင် မလွယ်ကူပါ။ ယခု အခြေ အနေတွင် ကျား၊ မ အခန်းကဏ္ဍမှာ ယာယီ ဖြစ်နိုင်ပြီး ခင်ပွန်း ဖြစ်သူ ပြန်ရောက်လာသည့် အချိန်တွင် ယခင်အတိုင်း ပြန်လည် ပြောင်းလဲသွားနိုင်ပါသည်။

တစ်ခါတရံတွင် ရွှေ့ပြောင်းထွက်ခွာ သူများ၏ အစဉ်အလာ ကျားမဖြစ်တည်မှု ပုံစံကို ပြောင်းလဲစေသည့် ဝတ်စားဆင်ယင်မှု အပြောင်းအလဲ အပေါ် မူတည်၍ တင်းမာမှုများ ဖြစ်တတ်သည်။ ဤသို့သော တင်းမာမှုမျိုးသည် အထူးသဖြင့် ရွှေ့ပြောင်းထွက် ခွာသူ အမျိုးသမီးများနှင့် သူတို့၏ ဖခင်များအကြား ဖြစ်တတ် ကြသည်။ ဆံပင်ဆေးဆိုးခြင်း၊ စကတ်အတိုများ ဝတ်ဆင်ခြင်းနှင့် ဖန်စီရှပ်အင်္ကျီ များ ဝတ်ဆင်ခြင်းတို့ကို ဖခင်များ အနေဖြင့် ခွင့်ပြု လိုခြင်း မရှိပေ။ ဤဖြစ်ပေါ် ပြောင်းလဲမှုများမှာ ခေတ်သစ် လူမှု ဘဝတန်ဖိုးများကို သယ်ဆောင်လာပြီး အောင်မြင်သော ရွှေ့ပြောင်း ထွက်ခွာ သူတို့၏ ပြယုဂ်အဖြစ် ရွာသူရွာသားများ အား မြင်တွေ့စေပါသည် ။ သို့ရာတွင် တချို့သော ရှေးရိုးစွဲ ရွာသူ ရွာသားများ၏ ထိတ်လန့်မှုနှင့် သဘောမတူမှု တို့ကို မကြာခဏ ရင်ဆိုင်ကြရသည်။ ဤသည်တို့မှာ အပြောင်းအလဲကို လက်ခံခြင်းအဖြစ် CHIME သုတေသနက ဖော်ပြစေကာမူ (ဇယားကွက် ၂ ကို ကြည့်ပါ) ကျားမဖြစ်တည်မှု စံနှုန်းများ၏ ပြောင်းလဲ ဖြစ်ပေါ်မှုကို လူထုအကြား ခိုင်မာစွာ ဖြစ်ပေါ်စေရန် အချိန်ယူရဦးမည် ဖြစ်ပါသည်။

## တင်းမာမှု နှင့် အပြောင်းအလဲကို လက်ခံ လာမှု

အကြီးမက အရင်တုန်းက ဆံပင်အရှည်နဲ့၊ ခုတော့ ဆံတိုဂုတ်ဝဲကို ဖြောင့်ထားတယ်။ ပြီးတော့ ဝတ်စားတဲ့ ပုံစံလဲပြောင်းသွား တယ်။ အရင်ကဆို ရိုးရိုးပဲဝတ်တာ၊ ခုတော့ စကတ်တိုတွေ ဘာတွေနဲ့ ......။ ကျွန်မသမီးအငယ်က ကျောင်းသူလေ..သူက ခုက တည်းက ခေတ်ဆန်နေပြီ။ အမြဲတမ်း ဘောင်းဘီပဲ ဝတ်တယ်။ အင်္ကျီအဆင်ရွေးတာလဲ မတူတော့ဘူး။ ခုဆို အသီးပုံ အဆန်းတွေ ဘာတွေနဲ့ ....ရန်ကုန်မှာ ဝတ်ကြတယ် ဆိုလား။ ( ရောဝတီတိုင်းမှ အသက် ၅၀ အရွယ် ဖြေဆိုသူ ဒေါ်သွန္တာ*)

ဗမာမိန်းကလေးက ဗမာမိန်းကလေးပေါ့အေ။ ထမီ ဝတ်ရမှာပေါ့။ ဗမာလို ဆံပင်ပုံစံထားရမှာပေါ့။ ကျွန်မဆံပင် ပုံစံကိုကြည့်ပါလား။ ...... ကျွန်မသမီးက ဒီနေ့ကျရင်တဲ့ သူ့ဆံပင် နှစ်မြောင်းလောက် ဆေးဆိုးချင်တယ်တဲ့။ နင့်အဖေက ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး လို့ပြောထားရတယ်။ သူက ဘာပြန်ပြောလဲဆိုတော့ နှစ်မြောင်း တည်းပါ အမေရယ်၊ အဖေ့ကို ပြောပေးပါလားတဲ့။ ဒါနဲ့ ကျွန်မလဲ အရဲစွန့်ပြီး ရှင့်သမီးက သူ့ဆံပင် နှစ်မြောင်းလောက် ဆေးဆိုးချင်တယ်၊ ရှင့်ကို ပြောပေးပါလို့ ကျုပ်ကို ပြောနေတယ်လို့ပြောရတယ် ။ ..... သူ့အရောင်က အနီလိုလို ၊ အဝါ လိုလို ရွှေရောင်လိုလိုပါပဲ။ တစ်မြောင်း နှစ်မြောင်းလောက်ပါ။ သိပ်လဲ မသိသာပါဘူး။ တစ် ချက်ကြည့်ရုံနဲ့ သတိမထားမိဘူးရယ်။ ကျုပ် တစ်ချက်တော့ ကြည့်လိုက်ပါသေးတယ်။ မဆိုးပါဘူး။ သူများ တွေလို တစ်ခေါင်းလုံး နီရဲနေအောင် ဆိုးတာမှ မဟုတ်တာ။ တစ်မြောင်း၊ နှစ်မြောင်း လောက်ပဲဟာ။ ဒီနေ့ခေတ် ကလေးတွေ ဆိုတော့ နားလည်ပေး ရတာပေါ့။ (ရောဝတီတိုင်းမှ အသက် ၄၈ နှစ်အရွယ် အမျိုးသမီး)

* ဤအကျဉ်းချုပ်ဖော်ပြချက်တွင် ပါရှိသည့် နာမည်များအားလုံးသည် ဖြေဆိုသူများ၏ ပုဂ္ဂိုလ်ရေးရာကို ကာကွယ်သည့်အနေဖြင့် အမည်လွှဲပြောင်း အသုံးပြုထားပါသည်။



မန္တလေးတိုင်းဒေသကြီး၊ တောင်သာ။ © ကိုဦး ၂၀၁၇

## အထောက်အထားမှ လုပ်ဆောင်မှု ဆီသို့ - CHIME တွေ့ရှိချက်များမှ ဘာတွေကို သိရှိနားလည် နိုင်သလဲ။

(၁) အမျိုးသမီးများသည် လွှဲငွေပေးပို့ရန် ဖြစ်နိုင်ချေ ရှိသည်၊ သို့ရာတွင် အမျိုးသားများထက် နည်းပါးစွာ ပေးပို့ကြသည်။ အကြောင်းမှာ အမျိုးသမီးများသည် ပြည်တွင်း ရွှေ့ပြောင်းထွက်ခွာသူ အများစု ဖြစ်ကြပြီး၊ တစ်စိတ်တပိုင်းအားဖြင့် ပြည်ပရွှေ့ပြောင်း ထွက်ခွာသူများထက် လုပ်အားခ လျော့နည်းခြင်းကြောင်း ဖြစ်သည်။ ထို့ပြင် အမျိုးသမီးများမှာ အမျိုးသားများထက် လျော့နည်းသည့် လုပ်အားခကို ရရှိကြသည့် အတွက် ဖြစ်သည်။ အမျိုးသမီး အရေအတွက် မြောက်များစွာ ရွှေ့ပြောင်းထွက်ခွာ ကြသည်ကို ထောက်ရှု၍၊ လုပ်အားခ တန်းတူ ရရှိစေရေး ကဲ့သို့သော ပုံစံတကျဖြစ်သည့် ကျားမတန်းတူ ညီမျှရေး ကိစ္စရပ်များကို ကြားဝင် ဆောင်ရွက်ခြင်း အားဖြင့် နေအိမ်များသို့ လွှဲငွေပမာဏ ပိုမို မြင့်မားစွာ ရောက်ရှိစေနိုင်ပြီး၊ အိမ်ထောင်စု စီးပွားရေးနှင့် ငွေရေးကြေးကို ပံ့ပိုးစေနိုင်မည် ဖြစ်ပါသည်။

(၂) ရွှေ့ပြောင်း ထွက်ခွာမှု ရပ်ဝန်း တစ်ခုလုံးမှ နေ၍ အမျိုးသမီးတို့၏ စွမ်းအားမြှင့်တင်မှုဆိုင်ရာ အနာဂတ် ကြားဝင်ဆောင်ရွက်မှုမျိုးကို လုပ်ဆောင်သင့်သည်။ အရည်အသွေး မြှင့်တင်ခြင်း၊ သက်ကြီးပညာပေးခြင်း၊ စီးပွားရေး ငွေကြေးဆိုင်ရာ ပညာသင်ပေးခြင်းနှင့် စီးပွားရေး လုပ်ငန်းစတင်စေခြင်း တို့ကို ဆောင်ရွက်ပေးခြင်း ဖြင့် မူလနေရာ အရပ်နှင့် ထွက်ခွာရောက်ရှိရာ အရပ်များရှိ အမျိုးသမီးတို့အား စွမ်းအားမြှင့် တင်ပေးနိုင်ပြီး၊ အမျိုးသမီးများကို မူလနေရာ အရပ်ရှိ ကျေးရွာများ၏ ရပ်ရေး ရွာရေ ကိစ္စရပ်များတွင် ပုံစံတကျ ပါဝင်လာစေရန် ဖြည့်ဆည်း ဆောင်ရွက် ပေးသင့်သည်။ အမျိုးသမီးများသည် မိသားစုနှင့် မူလနေရာ အရပ်နှင့် ထွက်ခွာရောက်ရှိရာ အရပ်မှ မိတ်ဆွေ သူငယ်ချင်းများ အပေါ် မှီခိုကြသည်က များပါသည်၊ ရွှေ့ပြောင်း မထွက်ခွာမီနှင့် ထွက်ခွာမှု ဖြစ်ပျက်နေစဉ် အတွင်းတွင် အချင်းချင်း ရိုင်းပင်း ကူညီခြင်း၊ မှန်ကန်တိကျသည့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်သည့် ကွန်ယက်များ ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ဖြင့် အမျိုးသမီးထုအား ဖြည့်ဆည်း သင့်ပါသည်။

(၃) အမျိုးသမီးများ၏ အများစုမှာ ပြည်တွင်း ရွှေ့ပြောင်းထွက်ခွာ သူများ ဖြစ်ကြသည်ဟု CHIME သုတေသနက ဖော်ပြပါသည် ။ ပြည်တွင်း ထွက်ခွာမှုတွင် အဓိက အခန်းမှ ပါဝင်နေခြင်းကြောင့် ယခု အချက်မှာ အရှေ့တောင်အာရှ နိုင်ငံများ၏ ရွှေ့ပြောင်းထွက်ခွာမှု မူဝါဒဆိုင်ရာ ကိစ္စရပ်များ အတွက် များစွာ အရေးကြီးသည်။ သို့ဖြစ်၍ အနာဂတ် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း ရွှေ့ပြောင်း ထွက်ခွာမှုကို အာရုံစိုက်ရေးမှာ အဓိကကျသည်။ သို့မဟုတ်ပါက အမျိုးသမီးများနှင့် ပတ်သက်၍ မူဝါဒ ရေးရာလုပ်ငန်းများတွင် ကွက်လပ်တစ်ခု အဖြစ် ကျန်ရစ်ခဲ့နိုင်သည်။

(၄) ရွှေ့ပြောင်းထွက်ခွာသူ မိသားစုများ အပေါ်တွင် CHIME ၏ အရေအတွက် စစ်တမ်း ကောက်ယူခြင်း မှနေ၍ လူကုန်ကူးခြင်း ကဲ့သို့သော ခေါင်းပုံဖြတ်ခြင်း မျိုးတွင် ဆီလျော်သော အကောက်အကူ ပေးခြင်းမျိုး မရရှိနိုင်ပါ။ အမျိုးသမီးများမှာ ကျားမဖြစ်တည်မှုကို အခြေခံသော အကြမ်းဖက်မှုမျိုးကို အမျိုးသားများ ထက် ပိုမို ကြုံတွေ့ရကြောင်း၊ အမျိုးသမီး အရေအတွက် အများမှာ လူကုန်ကူးမှု၏ သားကောင်များ အဖြစ် ရင်ဆိုင်ကြုံတွေ့ ကြရကြောင်း အခြားသော သုတေသနများက ဖော်ပြပါသည်။ ရွှေ့ပြောင်း မထွက်ခွာမီနှင့် ထွက်ခွာနေစဉ် အတွင်းတွင် အမျိုးသမီးများအား ကျားမဖြစ်တည်မှုကို အခြေခံသည့် အကြမ်းဖက်မှုကြောင့် ထိခိုက်ခြင်းမျိုး နှင့် လူကုန်ကူးခံရခြင်းမျိုးမှ အကာအကွယ်ပေးနိုင်ရန် အထူး ပံ့ပိုးဆောင်ရွက်မှုမျိုးကို လုပ်ဆောင်သင့်ပါသည်။ ထို့ပြင် မိသားစုဝင်များ ရွှေ့ပြောင်းထွက်ခွာ ကြခြင်းကြောင့် ကျေးရွာများတွင် ကျန်ရစ်ခဲ့သည့် အမျိုးသမီးများ အတွက်လည်း ထိုသို့သော ထိခိုက်မှုမျိုးများမှ အကာအကွယ်ပေးနိုင်ရန် အထူး စီမံအားထုတ် သင့်ပါသည်။

CHIME လေ့လာတွေ့ရှိချက်စာတမ်းကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် အောက်ဖော်ပြပါ ပုံစံအမျိုးအစားများအတိုင်း ရရှိ နိုင်ပါသည်။

- အစီရင်ခံစာအပြည့်အစုံ
- ဒေသအလိုက် အကျဉ်းချုပ်ဖော်ပြချက်များ (ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်)
- ခေါင်းစဉ်အလိုက် အကျဉ်းချုပ်ဖော်ပြချက်များ (ကျား၊ မ ဖြစ်တည်မှု၊ စိုက်ပျိုးရေး၊ မြို့ပြကဏ္ဍ၊ ဆင်းရဲနွမ်းပါးမှု နှင့် ကြွေးမြီ၊ လွှဲပို့ငွေ၊ လူမှုရေးသက်ရောက်မှုများ)

CHIME လေ့လာတွေ့ရှိချက်စာတမ်းအကြောင်း ပိုမိုသိရှိလိုပါက iomyangon@iom.int သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။


အိုင်အိုအမ် - ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း

လိပ်စာ - အမှတ် (၅၀/ခ)၊ သီရိမင်္ဂလာ ၂ လမ်း၊ ၈ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ
ဖုန်း - +၉၅ ၉ ၇၃၂၃၆၆၇၉ - ၈၀၊ +၉၅ ၁ ၅၃၂၂၇၉၊ ၅၂၃၅၀၉ ဖက်စ် - +၉၅ ၁ ၅၃၂၂၇၉
အီးမေးလ် – iomyangon@iom.int